# ကြေးမုံ

**The Mirror**

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (1-1-2011) (ဖြေ၁)


### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဓာတ်

**မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်သာမက လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်တို့မှာ ခိုင်မာထင်ရှားခဲ့ပြီးဖြစ်သည်။**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်**
**ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-



## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးဘားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရုဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်မှာ ဒီမိုကရေစီကျင့်စဉ်ကို အဆင်ပြေချောမွေ့စွာ ကူးပြောင်းကျင့်သုံးနိုင်ဖို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ခရီးဆုံးအထိ ပို့ဆောင်ပေးလျက်ရှိ တပ်မတော်ဟာ ပြည်သူကို စောင့်ရှောက်ကာကွယ်ရင်း ဖြစ်ပေါ်လာမယ့် အစိုးရအဆက်ဆက်ကို ဝိုင်းဝန်းကူညီ



နေပြည်တော် ဒီဇင်ဘာ ၃၁

**တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ရဲဘော်တို့-**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)ရဲ့ သင်တန်းဆင်းပွဲ အခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



ကြေးမုံ The Mirror

၁-၁-၂၀၁၁
(စနေနေ့)

# စနစ်သစ်ကိုမျှော်ရည် နိုင်ငံတော်သစ်ဆီ

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်ပေါင်းတစ်ရာကျော် ပေါင်းစည်းနေထိုင်လာခဲ့သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်။ အသီးတစ်ရာ အညှာတစ်ခုပမာ နေရာတိုင်း ဒေသတိုင်းတွင် ရင်းရင်းနှီးနှီး ပေါင်းစည်းနေထိုင်လျက်ရှိရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ပိုမိုတည်တံ့ခိုင်မြဲလျက်ရှိသည်။

ရှေးဘိုးဘွားတို့ အစဉ်အဆက် အသက် သွေး ချွေး ရင်းနှီးပေးဆပ်ပြီး တိုက်ပွဲဝင် ရယူခဲ့ရသည့် နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြရမည့် တာဝန်သည် နိုင်ငံသားတိုင်းတွင်ရှိသည်။ လွတ်လပ်ရေးဟူသည် လူမျိုးတိုင်း၊ နိုင်ငံတိုင်းအတွက် မရှိမဖြစ်သည့် အလိုအပ်ဆုံးရတနာဖြစ်သည်။ အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားအားလုံးက လွတ်လပ်သော မြန်မာနိုင်ငံကို ဆက်လက် ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံရရှိနေပြီ။ တိုင်းရင်းသားများအကြား အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ကြိုးပမ်းနိုင်မှုနှင့်အတူ နိုင်ငံတော်သစ် ဆက်လက်တည်ဆောက်သွားနိုင်ရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ကဏ္ဍအလိုက် ဖြည့်ဆည်းပေးထားပြီ။ နိုင်ငံတော်စီးပွားရေးကို မြှင့်တင်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးရေး ဦးတည်ကြိုးပမ်းခဲ့ပြီ။ သစ်တော၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှု စသည့် ကဏ္ဍအလိုက် တိုးတက်မှုများ ရရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတစ်နံတစ်လျား၌ ကားလမ်း၊ ရထားလမ်းသစ်များနှင့် ဧရာဝတီမြစ်ကူး တံတားကြီးများ အပါအဝင် တံတားပေါင်းများစွာတို့ကို ဖောက်လုပ်တည်ဆောက်ပေးထားပြီ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီ။ တပ်မတော်က နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးအတွက် နှစ်ပေါင်းနှစ်ဆယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးထားပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုရှိပြီး ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရပေဦးမည်။

၂၀၁၁ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာပြီ။ မင်္ဂလာရှိသော နှစ်သစ် နှစ်ဦး အခါသမယဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးတို့က နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ စည်းလုံးညီညွတ်မှု အခြေအနေကောင်းများနှင့်အတူ နှစ်သစ် စိတ်သစ်အားမာန်သစ်များဖြင့် တည်ငြိမ်အေးချမ်း ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဆက်လက်လျှောက်လှမ်းသွားကြရမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် 　 ဒီဇင်ဘာ 　 ၃၁

**တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ချီးမြှင့်ကြသည်။**



အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် မြဝတီတေးဂီတအဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက အဆို၊ အကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

(သတင်းစဉ်)

**တက်ရောက်ချီးမြှင့်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။**

(သတင်းစဉ်)

## တပ်မတော်ခန်းမ၌ Three Friends Construction Co., Ltd. ပါဝင်ပြသမည်

**ရန်ကုန် 　 ဒီဇင်ဘာ 　 ၃၁**

ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ တပ်မတော်ခန်းမ၌ ကျင်းပမည့် Housing, Living & Furniture ပြပွဲတွင် Three Friends Construction Co.,Ltd.Sale & Distribution Department က အိမ်တွင်းအလှဆင်ပစ္စည်း အမျိုးအစားစုံလင်စွာ ပါဝင်ပြသမည်ဖြစ်သည်။ အိမ်ကြမ်းခင်း အလှဆင်ရာတွင် ခေတ်စားနေသော လာမီနိတ်ကြမ်းခင်းပြားများ (Leminated Floor) ကို တစ်ကြိမ်တစ်ခါသာ ရရှိနိုင်မည့် အထူးအခွင့်အရေးအဖြစ် ၁၀ ပေ ပတ်လည် တစ်ကျင်း အပြီးအစီးကို ငွေကျပ် ၈၉၉၅၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နံရံကပ် ဝေါလ်ပေပါများကို 25% Discount၊ အခန်းတွင်း Furniture များ ပြုလုပ်ရာတွင် သုံးသော MDF Board၊ Chip Board များကို 5% Discount၊ သစ်၊ အလူမီနီယံ အစားထိုး အသုံးပြုနိုင်သော UPVC Door & Window များ 25% Discount ဖြင့် အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အထူးပစ္စည်း အသစ်အနေဖြင့် မိမိအိမ်နံရံကို သုတ်ဆေးသာအသုံးပြုလိုသူများအတွက် ပန်းချီကားကဲ့သို့ ချယ်သဖန်တီးနိုင်သော သုတ်ဆေးအသစ်တစ်မျိုးဖြစ်သော ပန်းထိုးပန်းချီဆေး (Sha ding Flower Paint) ကို မိတ်ဆက်ပေးမည်ဖြစ်သည်။

Three Friends Construction ၏ Sale & Distribution Department ၏ ပြခန်းတွင် Door & Window & Furniture Accessories များကိုလည်း 5% Discount ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Three Friends Construction Co.,Ltd. Sale & Distribution Department ၏ ပြပွဲဝင်ပေါက် ညာဘက်ထိပ်ရှိ ပြခန်းတွင် လာရောက်ကြည့်ရှုဝယ်ယူနိုင်ပြီး ဖုန်း-၀၉-၈၇၂၁၁၁၃၊ ၀၉-၅၁၅၄၈၅၃၊ ၀၉-၅၁၅၅၀၇၇ နှင့် ၀၉-၅၀၈၈၀၀၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် 　 ဒီဇင်ဘာ 　 ၃၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဇန်နဝါရီ ၁ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသ ကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

# တပ်မတော်သားတွေဟာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အချိန်နဲ့အမျှ ကြိုးပမ်းခဲ့ကြရ ယခုအခါ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်တွေကို ဘက်စုံကဏ္ဍစုံမှာ ထူနိုင်ခဲ့ပြီ

❀ ရွှေဖုံးမှ

**ရဲဘော်တို့-**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သူနာပြုများ၊ ဆေးဘက်ပညာသည်များနှင့် ဆေးဝါးကျွမ်းကျင်သူများကို မွေးထုတ်ပေးရန်**ဖြစ်တယ်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ်မှာ တပ်မတော်သူနာပြုတက္ကသိုလ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ခုနှစ်မှာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အဖြစ် တိုးချဲ့ဖွဲ့စည်းပေးခဲ့တယ်။ ယခုဆိုရင် ရဲဘော်တို့အပါအဝင် ကျောင်းဆင်းအင်အားဟာ ၂၀၀၀ကျော်ပြီဖြစ်တယ်။ထို့အတူပဲ ပထမနှစ်ကနေ တတိယနှစ်အထိ ဆက်လက်တက်ရောက်ဆဲ အင်အားဟာ ၉၅၀ ကျော်ရှိတယ်။

ဒီတက္ကသိုလ်မှာ ပညာရပ်ဆိုင်ရာ ဌာနပေါင်း နှစ်ဆယ်ကျော် ဖွင့်လှစ်ပေးထားပြီး ဝိဇ္ဇာနဲ့ သိပ္ပံဆိုင်ရာ အခြေခံဘာသာရပ်များ၊ ကွန်ပျူတာသိပ္ပံပညာများနဲ့ အထူးပြုဘာသာရပ်တွေအဖြစ် သူနာပြုသိပ္ပံဘာသာရပ်၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘာသာရပ်၊ ဆေးဘက်ပညာ (ရောဂါရှာဖွေရေး)၊ ဆေးဘက်ပညာ(ဓာတ်မှန်ရိုက်)၊ ဆေးဘက်ပညာ(ကာယကုသ)တို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိတယ်။

ထို့အတူပဲ မဟာဘွဲ့သင်တန်းတွေကို ဖွင့်လှစ်ပေးလျက်ရှိရာမှာ မဟာဘွဲ့ရရှိပြီးသူ ၅၈ ဦးနဲ့ တက်ရောက်ဆဲ ၁၈၇ ဦး ရှိပြီဖြစ်တယ်။ ထူးချွန်သူများကို ပြည်ပမှာ ဘွဲ့လွန်သင်တန်းတွေ တက်ရောက်စေလျက်ရှိတာကြောင့် ရဲဘော်တို့အနေနဲ့ ကြိုးစားကြဖို့တိုက်တွန်းပြောကြားလိုတယ်။

ကောင်းတွေနဲ့ ပြည့်စုံလို့လည်း နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်နိုင်ခဲ့တာဖြစ်တယ်။ အနာဂတ်ကာလမှာ တပ်မတော်ဟာ မွန်မြတ်တဲ့ အစဉ်အလာတွေနဲ့ ဆက်လက်ရပ်တည်သွားနိုင်ဖို့အတွက် လက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင်ရေးဟာ ရဲဘော်တို့ရဲ့ တာဝန်ဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

စစ်သည်တော်ဘဝကို ခံယူပြီးဖြစ်တဲ့ ရဲဘော်တို့ဟာ နယ်ဘက်ဥပဒေတွေကိုသာမက စစ်ဘက်ဥပဒေနဲ့ စစ်စည်းကမ်းတွေကိုလည်း လိုက်နာကြရမယ်။ ထို့အတူပဲ စစ်သည်တော်တိုင်း တစ်ဦးချင်းပြုကျင့်ရမယ့် ကျင့်ဝတ်၊ အကြီးအကဲများအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်၊ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်စတဲ့ ကျင့်ဝတ်(၆၀)ကို မိမိတို့ရဲ့ ပင်ကိုမူလစရိုက်ဖြစ်လာသည်အထိ ကျင့်ကြံကြရမယ်။

ရဲဘော်တို့ဟာ ဆောင်ရန်နဲ့ ရှောင်ရန်ကို ကွဲကွဲပြားပြား နားလည်ပြီး စွဲစွဲမြဲမြဲ လိုက်နာခြင်းအားဖြင့် ဥပဒေကိုရိုသေတဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာကြလိမ့်မှာဖြစ်တယ်။

သူနာပြုနဲ့ ဆေးဘက်ပညာသည်တွေဖြစ်ကြတဲ့ ရဲဘော်တို့ဟာ ကိုယ်ကျင့်သိက္ခာနဲ့ ပတ်သက်လာရင် သာမန်ထက်ပိုပြီး စောင့်ထိန်းကြဖို့လိုတယ်။ ဆေးဝါးကုသရေးဆိုင်ရာ ပုဂ္ဂိုလ်တွေဟာ ကိုယ်ကျင့်သီလမကောင်းရင် ကျဆုံးသွားတတ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

ရဲဘော်တို့ဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် တိုက်ပွဲဝင်တပ်မတော်သားများလည်း ဖြစ်ကြရမယ်။

ရဲဘော်တို့ကို တပ်စုမှူးအဆင့် စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှု သဘောတရားတွေကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်တယ်။ ထို့အတူပဲ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းနဲ့ ခြေလျင်တပ်ရင်းမှူးသင်တန်းတွေကို အဆင့်နဲ့လျော်ညီစွာ ဆက်လက်တက်ရောက်ကြရဦးမှာ ဖြစ်တယ်။ ခြေလျင်တပ်တွေနဲ့အတူ တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ စစ်ပညာသင်တန်းတွေကို တက်ခွင့်ရတဲ့အခါ ဇွဲနဲ့မာန်နဲ့ ကြိုးစားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

ယနေ့ခေတ်မှာ သိပ္ပံနဲ့ နည်းပညာတွေဟာ အရှိန်အဟုန်ကြီးမားစွာ တိုးတက်နေတယ်။ နယ်ပယ်အားလုံးမှာ နည်းပညာတွေ ဖွံ့ဖြိုးလာသလို စစ်ဘက်ဆိုင်ရာနဲ့ ဆေးဘက်ဆိုင်ရာမှာလည်း တီထွင်ကြံဆမှုတွေ အများအပြား ဖြစ်ပေါ်လျက်ရှိတယ်။

တပ်မတော်သား ဆေးဘက်ပညာရှင်များဖြစ်တဲ့ ရဲဘော်တို့ဟာ ခေတ်မီဆန်းပြားလာတဲ့ လက်နက်တွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်မှုနဲ့ ဒဏ်ရာရမှုတွေကို ကြိုတင်သိရှိထားဖို့လိုတဲ့အတွက် စစ်ပညာနဲ့ ဆေးပညာကို ယှဉ်တွဲပြီး အမြဲတမ်းလေ့လာနေကြရမှာဖြစ်တယ်။ ပညာခေတ်မှာ အစဉ်အမြဲသင်ယူနေမှသာ တန်ကာကျမှာဖြစ်တဲ့အတွက် မိမိတို့ရဲ့အချိန်ကို ပညာအတွက် တန်ဖိုးရှိစွာ အသုံးချကြရမှာဖြစ်တယ်။

**ရဲဘော်တို့-**

ဒို့နိုင်ငံမှာ နိုင်ငံတော်ရဲ့တာဝန်ကို တပ်မတော်က ယူခဲ့ရပြီးနောက် တပ်မတော်သားတွေဟာ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့အတွက် အချိန်နဲ့အမျှ ကြိုးပမ်းခဲ့ကြရတယ်။ ဒါကြောင့်လည်း ယခုအခါ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်တွေကို ဘက်စုံကဏ္ဍစုံမှာ ထူနိုင်ခဲ့ပြီဖြစ်တယ်။ ဒါဟာ ပြည်သူတွေအပေါ်မှာ ထားရှိတဲ့ တပ်မတော်ရဲ့ စေတနာနဲ့ တာဝန်ကျေပွန်မှုပဲ ဖြစ်တယ်။

နိုင်ငံတော်မှာ ဒီမိုကရေစီကျင့်စဉ်ကို အဆင်ပြေချောမွေ့စွာ ကူးပြောင်းကျင့်သုံးနိုင်ဖို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး ခရီးဆုံးအထိ ပို့ဆောင်ပေးလျက်ရှိတယ်။ ယခုအခါ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာနဲ့ စနစ်ကျမှန်ကန်စွာ ကျင်းပပေးခဲ့ပြီး ဖြစ်တယ်။ရှေးယခင် ကာလတွေတုန်းက ဒို့နိုင်ငံမှာ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေဟာ အနည်းနဲ့အများဆိုသလို ဖြစ်ပေါ်ခဲ့ဖူးသော်လည်း ယခုလို အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု ကင်းရှင်းစွာနဲ့ ပြည်သူတွေအေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရအောင် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပပေးနိုင်ခြင်းဟာ ဒို့နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်တယ်။

ထို့အတူပဲ တပ်မတော်ဟာ ပြည်သူကို စောင့်ရှောက်ကာကွယ်ရင်း ဖြစ်ပေါ်လာမယ့် အစိုးရအဆက်ဆက်ကို ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့-**

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်-

- ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ကြပါ။
- တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးထမ်းဆောင်ကြပါ။
- သက်ဆိုင်ရာဥပဒေတွေ၊ စည်းကမ်းတွေကို ရိုသေလိုက်နာတဲ့အပြင် ကျင့်ဝတ်(၆၀)ကို မိမိတို့ရဲ့ ပင်ကိုမူလစရိုက် ဖြစ်လာသည်အထိ ကြိုးပမ်းကျင့်ကြံကြပါ။
- စစ်ပညာနဲ့ ဆေးပညာကို ခေတ်နဲ့ရင်ပေါင်တန်းနိုင်အောင် ယှဉ်တွဲလေ့လာကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။



**ရဲဘော်တို့-**

ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော်၊ စည်းကမ်းကောင်းသော တပ်မတော်၊ သစ္စာရှိသောတပ်မတော်၊ စည်းလုံးညီညွတ်သော တပ်မတော်၊ စွမ်းရည်ရှိသောတပ်မတော် စသည်ဖြင့် တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ (၁၂)ပါးနဲ့ ပြည့်စုံခဲ့တာကို တွေ့ရလိမ့်မယ်။

ဒို့တပ်မတော်သားတွေဟာ ဒီအစဉ်အလာတွေကို အသက် သွေး ချွေးနဲ့ ပေးဆပ်ပြီး သယ်ပိုးခဲ့ကြရတာဖြစ်တယ်။ တပ်မတော်ဟာ ဒီလိုအစဉ်အလာ

## တက်ရောက်လာကြသူများ

**တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ Local Talent
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ (၆၃) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၄၅ ၅။ Yan Can Cook
- ၁း၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင် "(အပိုင်း-၃)
- ၂း၀၅ ၇။ မဟော်သဓာ(အပိုင်း-၁၄) (ပထမပိုင်း) (အားသစ်၊ ဗေလုဝ၊ ရော၊ ငှက်ပျောကြော်၊ ရှက်တယ်၊ ဇင်မျိုး၊ ပပစိုးကြည်၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၂း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၃၅ ၉။ လွတ်လပ်ရေးနေ့ဂုဏ်ပြု (ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဆိုင်းအဖွဲ့ဖျော်ဖြေခန်း)
- ၂း၅၅ ၁၀။ International News
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ တေးဂီတအစီအစဉ်
- ၅း၁၀ ၇။ (၆၃) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ "ရန်ကုန်-မန္တလေးအလှမ်းမဝေး--- နေပြည်တော်-မန္တလေးနီးနီးလေး" (အပိုင်း-၂)
- ၆း၄၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ"(အပိုင်း-၁၀)**
- ၇း၄၀ ၁၃။ "သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည် မြန်မာပြည်" (နှစ်ဆယ့်လေးဒေသတစ်ခွင် အလှဆင်ရောင်စုံပွင့်လန်း အလှပန်း)(အပိုင်း-၂)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၇)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၃)**
- ၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၀။ အစီအစဉ်ပြီး၏။

## ဝန်ကြီး ဦးညဏ်ဝင်း ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုဒရီဂွဲဇ် ပါရီးလား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## လွတ်လပ်ရေးနေ့နှင့် ကရင်နှစ်သစ်ကူးနေ့တို့တွင် လော်ကားဥယျာဉ် အချိန်တိုး၍ ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)နှင့် ဇန်နဝါရီ ၅ ရက် (ကရင်နှစ်သစ်ကူးနေ့)တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



☆ ကျောဖုံးမှ

ဖြစ်ကြသည့် ဗိုလ်ချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်ချုပ်သန်းစိုး၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်မှူးချုပ်လှမြင့်၊ ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဗိုလ်ချုပ်သန်းငွေ၊ ဗိုလ်ချုပ်စိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်းသင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ်(၈)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသားအမှတ်(၁၅၅၉) သင်တန်းသား စောပြည့်သူ၊ လေ့ကျင့်ရေး

**စာမျက်နှာ ၅ ကော်လ ၁ သို့✳**

## ချီတက်အလေးပြု

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား သင်တန်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။** (သတင်းစဉ်)



## ချီးမြှင့်စကားပြောကြား

**ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၈)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သုံးဦးနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁-၁-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အဖွင့်သီချင်း
၁၁း၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၇)**
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ယောက္ခမရုပ်ရည် (မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မယ်လိုဒီ) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]**
၁း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၈)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀ ၆။ တို့များစုံညီပွဲတော်ဆီ မြန်မာ့ကျောင်း
၄း၃၀ ၇။ ကုန်သွယ်သုတ
၄း၃၅ ၈။ မျိုးချစ်တပ်မတော်
၄း၄၅ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၅ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ စားဖို့ဆောင်ချစ်သူ
၆း၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄၂)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လျှပ်တစ်ပြက်
၂၂။ လူရွှင်တော်စတား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၂)**
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၅)**
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။



## ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၀ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း ရွှေတိဂုံဘုရား အနောက်ဘက်မုခ်အနီး မော်လမြိုင်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများစာရင်းနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သားသမီးများ၏ စာရင်းကို ဦးတင်မြင့် ဖုန်း-၆၄၀၂၅၉၊ ၆၄၀၂၆၂၊ ဦးသိန်းဝင်း ဖုန်း-၇၃၀၇ ၆၂၂၇၊ ဦးထွေး ဖုန်း- ၀၉-၅၄၀၀၈၅၇၊ ဦးဇော်တင် ဖုန်း-၀၉-၅၄၀၆၃၀၀၊ ဦးငွေဝင်း ဖုန်း-၇၃၀-၂၄၃၃၈တို့သို့ ဇန်နဝါရီ ၅ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။(ကြေးမုံ)

## အထက(၁) မရမ်းကုန်း (ယခင်သမိုင်းမြို့မကျောင်း) (၁၆)ကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အထက(၁) မရမ်းကုန်း (ယခင် သမိုင်းမြို့မကျောင်း)၏ (၁၆)ကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းရှိ ကျောင်းဆောင်သစ်လွင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အထက(၁) မရမ်းကုန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းကြီးများနှင့် မျိုးဆက်သစ် ကျောင်းသားဟောင်း လူငယ်များက ပူဇော်ကန်တော့ကြမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဆရာဦးဝင်းကြိုင် ဖုန်း-၇၃၁၂၀၄၆၃၊ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဒေါ်ကျင်ရွှေအုန်း ဖုန်း-၆၈၂၄၄၅-၁၁၂၅၊ ဦးကျင်စိုး ဖုန်း-၇၃၀၁၂၈၂၉၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈၊ ဦးအောင်မြင့်ဦး ဖုန်း-၇၃၀၂၅၅၃၈၊ ဒေါ်အေးအေးလှိုင် ဖုန်း-၅၂၂၄၈၈၊ ဒေါ်ဝင်းဝင်းသန်း ဖုန်း-၀၉-၈၆၂၈၇၉၁၊ ဆရာဦးမြင့်ငွေ (ထ-၁၊ မရမ်းကုန်း) ဖုန်း-၀၉-၈၆၂၅၉၉၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ အကောင်းဆုံးသင်တန်းသားဆုရ သင်တန်းသား စောပြည့်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ လေ့ကျင့်ရေးထူးချွန်ဆုရ သင်တန်းသား ရာဇာမိုးထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ စာပေထူးချွန်ဆုရ သင်တန်းသား ပြည့်သက်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✳ စာမျက်နှာ ၄ မှ

ထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၁၉၂၄) သင်တန်းသား ရာဇာမိုးထွန်းနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၁၈၀၇) သင်တန်းသား ပြည့်သက်ထွန်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

**ဂုဏ်ပြုချီးမြှင့်**

စစ်ရေးပြ အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားသုံးဦးနှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၂) ဖျာပုံ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ဖျာပုံ ဒီဇင်ဘာ ၃၁**

အထက(၂) ဖျာပုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် ဦးထွန်းညွန့် ဖုန်း-၅၈၄၆၀၉၊ ဦးကျော်တင့် ဖုန်း-၂၈၃၁၉၄၊ ဦးလေးမြင့် ဖုန်း-၀၉-၅၀-၁၄၃၃၅၊ ဦးကျော်ကျော် ဖုန်း-၀၉-၅၀၁၆၈၄၃၊ ဦးမိုးဆွေ ဖုန်း-၅၁၄၃၂၀၊ ဖျာပုံမြို့တွင် ဦးရဲထွန်းခိုင် ဖုန်း-၄၁၃၀၀၊ ဦးထွန်းရွှေ ဖုန်း-၄၀၆၁၁၊ ဦးဗဟိန်း ဖုန်း-၄၀၇၂၅၊ ဦးလှိုင်ထွန်း ဖုန်း-၄၀၅၉၄၊ ဒေါ်အေးသန်း (ထန်းပင်လမ်း)၊ ဦးဝင်းရှိန် အထက(၁)တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (၁၆၈)



**အထက(၁) တာမွေ ၁၉၇၂-၁၉၇၃ ဝန်းကျင် တပည့်ဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ပင်လုံခန်းမ၌ ကျင်းပရာ ကျောင်းသူဟောင်း ဒေါ်လွင်လွင်စိန်ကိုယ်စား ဒေါ်မြင့်မေဦး ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့မှ လက်ခံရယူစဉ်။** (၀၈)

## ဗလငါးတန်ပွဲ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## သူနာပြုတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

သူနာပြုတက္ကသိုလ်(ရန်ကုန်) B.N.Sc (Generic)ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မအဆောက်အအုံခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပုလောမြို့နယ်အသင်း၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် နတ်မောက်လမ်း ကန်တော်ကြီးသဘာဝဥယျာဉ် ဗိုလ်ချုပ်ကြေးရုပ်အနီးရှိ Royal Garden Restaurant ၌ ဇန်နဝါရီ ၂၉ ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

သက်ကြီးအပူဇော်ခံများ၊ ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)



**(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ချောင်းဆုံအောက်လမ်းမအပိုင်း (၂) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် ချောင်းဆုံအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၁-၂၀၁၁ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၃၀ | "အကောင်းဆုံးသောနေ့တစ်နေ့" တရားတော်(ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၆း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၂)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၉)** |
| ၈း၄၀ | Fashion Music Festival (Part-19) |
| ၉း၁၅ | Activities In The City [မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ သက်ကြီးပူဇော်ပွဲ] |
| ၉း၂၅ | Corelens လက်စွပ်နှင့်ပတ်သက်သော စာနယ်ဇင်းရှင်းလင်းပွဲ |
| ၉း၄၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၀၀ | အရည်အသွေးတို့၏ အစ ပထမ |
| ၁၀း၂၀ | လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် |
| ၁၀း၂၅ | သွားမယ်စားမယ် (ROYAL THAZIN RESTAURANT) |
| ၁၀း၅၀ | မြန်မာ့ရုပ်ရှင် နှစ်(၉၀)ပြည့် ဂုဏ်ပြုအစီအစဉ် |
| ၁၂း၁၅ | နတ်မြင်းပျံမို့ မြူးကြွားကြွား |
| ၁၂း၄၅ | ပန်းချီပြခန်း (Image of Gold Finger) |
| ၁း၀၀ | "အကောင်းဆုံးသောနေ့တစ်နေ့" တရားတော်(ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ တောင်းရမ်းမင်္ဂလာအခမ်းအနား) |
| ၃း၂၀ | Kid's Show |
| ၃း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၂)** |
| ၄း၃၀ | ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့ |
| ၅း၀၀ | Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ တောင်းရမ်းမင်္ဂလာအခမ်းအနား) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၁) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၃)** |
| ၇း၂၀ | Fashion Music Festival (Part-20) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | ယဉ်ကျေးမှုထွန်းကားရာနှင့် ယဉ်ကျေးမှုအစဉ်အလာ |
| ၈း၅၀ | ဖက်ရှင်လမ်းညွှန် (၂၀၁၀-၂၀၁၁ မင်္ဂလာဝတ်စုံ ဒီဇိုင်းများ) |
| ၉း၁၅ | ရန်ကုန်မြင်ကွင်းကျယ် (Aquatabs ရေသန့်ဆေးပြား မိတ်ဆက်ပွဲ) |
| ၉း၂၅ | Barclays Premier League |
| ၁၁း၂၅ | သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဖြိုးငွေစိုးနှင့် တွေ့ဆုံခြင်း) |
| ၁၁း၅၅ | Barclays Premier League |
| ၁း၅၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ " အရိပ်စစ် (အပိုင်း-၉၀) |
| ၂း၃၅ | မင်္ဂလာပန်းစံပယ်၏ ဒိုင်ယာရီ |
| ၂း၅၅ | ရလဒ်ကောင်းများနှင့် Organic |
| ၃း၀၅ | Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင် |
| ၃း၂၅ | World of Knowledge (Mega Structures: ICE HOTEL) |
| ၄း၀၀ | ရှင်နှောင်းကျောင်းရောက်ပြီ (ကြည်စိုး၊ ထူးသာ၊ ချောစုဝင်း၊ ယွန်းငုံဖူး)[ဒါရိုက်တာ-ခင်ဇော် (ကေသီပန်)] |
| ၄း၃၀ | မြတ်စိန္တေကို ရည်စူးလို့ အလင်းတိုင်နှင့်ပူဇော်မယ် |
| ၄း၄၅ | ခံစားချက်တို့ ပေါင်းစုံရာ. . . ငပလီကမ်းခြေသာ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အအုံများ

## လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

### လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာသည်နှင့်အမျှ နယ်မြေဒေသမရွေး အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ခဲ့ပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအကျိုးကျေးဇူးများကို လက်တွေ့ခံစား စံစားနိုင်ကြပြီ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် မျှော်မှန်းတည်ဆောက်လျက်ရှိရာ အတိတ်ကာလက အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေခဲ့သည့် သမိုင်းရေးအမှား ဖြစ်စဉ်များအပေါ် သင်ခန်းစာရယူပြီး အနာဂတ်နိုင်ငံတော်သစ်၏ အခြေအနေနှင့်ကိုက်ညီမည့် အခြေခံအဆောက်အအုံများကို အလေးထားကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံ၏ သဘာဝပေးပထဝီအနေအထားသည် နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား ကူးသန်းဆက်သွယ်ရေးအတွက် အကန့်အသတ်အတားအဆီးများသဖွယ် တည်ရှိနေပေရာ ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အဟန့်အတားသဖွယ်ရှိနေခဲ့သည်။ ထို့ကြောင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအပါအဝင် ဒေသအားလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးသည် အခြေခံကျကြောင်း ကောင်းစွာသိမြင်ခံယူခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် ခရိုင်ချင်းဆက်လမ်းများကို အခြေခံပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းမကြီးများ၊ မီးရထားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ပေးခဲ့သည်။ ယခုဆိုလျှင် မြောက်ဘက်ဖျား ကချင်ပြည်နယ်မှ တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအထိ၊ အနောက်ဘက်ရခိုင်ပြည်နယ်မှ အရှေ့ဘက်ရှမ်းပြည်နယ်အထိ၊ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများနှင့် ချင်းတောင်ဒေသများမှသည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်အထိ နယ်မြေဒေသအသီးသီးသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်စေရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသမရွေး အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို လက်တွေ့ခံစားစံစားနိုင်ကြပြီဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ထိတွေ့ရင်းနှီးမှုများ ပိုမိုရရှိလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာသည်နှင့်အမျှ အနာဂတ်ပြည်ထောင်စုကြီးအတွက် အားသစ်အင်သစ် ကဏ္ဍသစ်များ တိုးတက်ဖြစ်ထွန်းလာမည်မှာ အမှန်ပင်ဖြစ်ပေသည်။




နေပြည်တော်ကို ဗဟိုပြု၍ ပြည်သူများသွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နေပြည်တော်ဘူတာကြီးကို တည်ဆောက်ပေးထားရာ မြန်မာနိုင်ငံ အထက်နှင့် အောက်၊ အရှေ့နှင့် အနောက် သယ်ယူပို့ဆောင်မှု မြန်ဆန်လာပြီဖြစ်သည်။

## (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

### ၁၉၈၈ ခုနှစ်မှ ယနေ့အထိ နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်လာသော လမ်း၊ တံတားနှင့် ရထားပို့ဆောင်ရေးကဏ္ဍ

| စဉ် | အကြောင်းအရာ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|
| ၁။ | **လမ်းလုပ်ငန်း** | | | |
| | - ဖောက်လုပ်ပြီးလမ်း (မိုင်) | ၁၃၆၃၅ | ၂၁၃၆၁ | ၇၇၂၆ |
| | - ဖောက်လုပ်ဆဲလမ်း (မိုင်) | - | ၁၈၁၅ | ၁၈၁၅ |
| ၂။ | **တံတားလုပ်ငန်း (ပေ ၁၈၀နှင့်အထက်)** | | | |
| | - တည်ဆောက်ပြီးတံတား(စင်း) | ၁၉၈ | ၄၄၉ | ၂၅၁ |
| | - တည်ဆောက်ဆဲတံတား(စင်း) | - | ၆၇ | ၆၇ |
| ၃။ | **ရထားလုပ်ငန်း** | | | |
| | - ဖောက်လုပ်ပြီးရထားလမ်းခရီး(မိုင်) | ၁၉၇၆ | ၃၅၇၉ | ၁၆၀၃ |
| | - ဖောက်လုပ်ပြီးရထားသံလမ်း(မိုင်) | ၂၇၉၃ | ၄၄၀၂ | ၁၆၀၉ |
| | - ဖောက်လုပ်ဆဲရထားလမ်းခရီး(မိုင်) | - | ၁၇၇၈ | ၁၇၇၈ |
| | - ဖောက်လုပ်မည့်ရထားလမ်းခရီး(မိုင်) | - | ၂၉၇ | ၂၉၇ |
| | - ဘူတာရုံ | ၄၈၇ | ၈၉၉ | ၄၁၂ |

၁၉၅၅ ပေရှည်သော ရာဇူဒိုင်တံတား အမှတ်(၁)ကို တည်ဆောက်ပေးခဲ့သည့်အတွက် မော်လမြိုင်ကျွန်းမြို့နယ်သည် ရေမခြား မြေမခြားတော့ဘဲ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်းလမ်းခရီးဖြင့် ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။





လေကြောင်း ပို့ဆောင်ရေး ကဏ္ဍ အဆင့်မြှင့်တင်မှုအနေဖြင့် လေဆိပ်များ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ပြေးလမ်းများ အရှည် တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးပြီး လေကြောင်း ခရီးစဉ်များကို တိုးချဲ့ပျံသန်း ပေးလျက်ရှိသော အပြည်ပြည် ဆိုင်ရာ မြန်မာလေကြောင်းပိုင် လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

## ၁၉၈၈ ခုနှစ်မှ ယနေ့အထိ
## ဖွံ့ဖြိုးတိုးတက်လာသော လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁။ | **လေကြောင်းပို့ဆောင်ရေး** | | | | |
| | -လေယာဉ်ကွင်း | ကွင်း | ၆၆ | ၆၉ | ၃ |
| | -ပြေးလမ်း ပေ ၁၀၀၀၀ အထက် | ကွင်း | - | ၁၁ | ၁၁ |
| | -ပြေးလမ်း ပေ ၅၀၀၀ အထက် | ကွင်း | ၂၁ | ၂၇ | ၆ |
| | -ပြေးလမ်း ပေ ၅၀၀၀ အောက် | ကွင်း | ၄၅ | ၃၁ | အဆင့်မြှင့်တင် |
| ၂။ | **ရေကြောင်းပို့ဆောင်ရေး** | | | | |
| | **ပြည်တွင်းသင်္ဘော** | | | | |
| | - ဆိပ်ခံတံတား | ခု | ၉၂ | ၁၁၁ | ၁၉ |
| | - သင်္ဘောကျင်း | ခု | ၅ | ၆ | ၁ |
| | - ခရီးလမ်းကြောင်း | ခု | ၅၃ | ၆၂ | ၉ |
| | - ခရီးသည် | သန်း | ၁၇. ၄၈ | ၂၅. ၇၉ | ၈. ၃၁ |
| | - ခရီးသည်မိုင် | သန်း | ၃၄၆. ၁၃ | ၅၄၁. ၂၂ | ၁၉၅. ၀၉ |
| | - ကုန်တန်ချိန် | သန်း | ၁. ၈၉ | ၃. ၆၀ | ၁. ၇၁ |
| | - ကုန်တန်မိုင် | သန်း | ၂၄၂. ၆၄ | ၄၀၀. ၄၅ | ၁၅၇. ၈၁ |
| | **နိုင်ငံခြားသင်္ဘော** | | | | |
| | - ဆိပ်ခံတံတား | ခု | ၁၃ | ၂၈ | ၁၅ |
| | - သင်္ဘော (ကမ်းရိုးတန်း၊ ပြည်ပ) | စင်း | ၁၄ | ၂၅ | ၁၁ |
| | - ကုန်းတွင်း ကုန်သေတ္တာလွင်ပြင်နှင့် ကုန်သေတ္တာစခန်း | ခု | - | ၃ | ၃ |



ပြည်ပမှကုန်စည်များအား လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ကုန်သေတ္တာလွင်ပြင်နှင့် ကုန်သေတ္တာစခန်းများ တည်ဆောက်ပေးထားရာ အေးရှားဝေါလ်ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ လျင်မြန်စွာပြုလုပ်နေကြသည်ကို တွေ့ရစဉ်။



နိုင်ငံတစ်ဝန်းရှိပြည်သူများ ကူးသန်းသွားလာမှုလွယ်ကူစေရန်အတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိရာ ဟသ်ာတ-ဇလွန်ရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးပြီးနောက် ရထားစတင်ပြေးဆွဲလျက်ရှိသည်ကို တွေ့ရစဉ်။



## အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

**အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြပြီး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက ပါဝင်ဆွေးနွေးကြသည်။

### အမှာစကားပြောကြား

**အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မော်လမြိုင်ကျွန်း အထက(၂) အာစရိယပူဇော်မည်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၃၁**

မော်လမြိုင်ကျွန်း အထက(၂)၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်နှင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၆ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် အထက(၂) သဇင်ဆောင်ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးသန်းနိုင်ဦး (အထက-၂) ဖုန်း-၀၄၂-၅၀၁၁၈၊ ဦးကျော်မိုးလွင် ဖုန်း-၀၉-၄၉၇၂၉၀၄၄၊ ဒေါ်လင်းလင်းဦး ဖုန်း-၀၉-၄၇၂၂၉၉၉၉၊ ဦးမျိုးဝင်းအောင် ဖုန်း-၀၉-၈၅၉၈၆၂၆၊ ဦးဇော်မင်းကြည် ဖုန်း-၀၉-၄၉၇၃၀၅၅၊ ဦးသိန်းဝင်း ဖုန်း-၀၉-၈၅၉၈၉၉၈နှင့် ဦးခိုင်ဇော် ဖုန်း-၀၉-၈၅၉၈၅၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၆၄)

**ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့**

## CROWN Education ၏ Training Centre ပြောင်းရွှေ့ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

CROWN Education ၏ ယခင် ဦးထွန်းလင်းခြံလမ်း (လှည်းတန်း)ရှိ Training Centre ကို ပြည်လမ်း နေလှိုင်တာဝါ(မြေနီကုန်း)သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ကြောင်း သိရှိရသည်။ CROWN Education တွင် Arts & Design, English for Effective Communication, IELTS Preparation, IELTS Foundation, English for Business, English for Students နှင့် English Regular Classes အစရှိသော သင်တန်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

CROWN Education ၏ Training Centre အသစ်တွင် ဇန်နဝါရီလမှ စတင်ပြီး English for Effective Communication ဟု ခေါ်သော Course အသစ်ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အဆိုပါ Course သည် လုပ်ငန်းပိုင်းနှင့် လူမှုဆက်ဆံရေးပိုင်းတွင် အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး English for Business၊ English 4 Skills၊ Job Hunting နှင့် Presentation Skills အစရှိသည်များ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတကာတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အင်္ဂလိပ်စာကို ယုံကြည်မှုရှိစွာဖြင့် အသုံးပြုပြောဆိုနိုင်သော အရည်အချင်းများရသည်အထိ လေ့ကျင့်သင်ယူလိုသူများသည် General English 4 Skills နှင့်အတူ Personality Development, Presentation Skills, Study Skills အစရှိသော ဘာသာရပ်များပါဝင်သည့် ENGLISH for STUDENT Course ကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရှိရသည်။

ဝန်ထမ်းများနှင့် ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသူများအတွက် ရုံးချိန်ပြင်ပ တန်းခွဲများ စီစဉ်ထားရှိသည့် Business English ကို တက်ရောက်နိုင်ကာ အဆိုပါ Business English တွင် Business Letter Writing, Reporting, Job Hunting, Interview Technique, Effective Job Applications, General 4 Skills စသည့် ကဏ္ဍများ လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

CROWN Education ၏ မြေနီကုန်း Training Centre သစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်းနှင့် Welcome to 2011 အစီအစဉ်အရ ယခုမှစတင်၍ ဒီဇင်ဘာ ၃၁ ရက်အထိ ဇန်နဝါရီလ တန်းခွဲများအတွက် မည်သည့်သင်တန်းအမျိုးအစားကိုမဆို လာရောက်အပ်နှံပါက ၁၀ ရာခိုင်နှုန်း Discount နှင့် အဖွဲ့လိုက်လာရောက်ကျောင်းအပ်နှံသောသူများအတွက် Special Group Discount များလည်း ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုသူများနှင့် သင်တန်းတက်ရောက်လိုသူများသည် CROWN Education ရုံးခန်းတည်ရှိရာ Summit Parkview Hotel, Room (228/229), ဖုန်း-၂၁၁၈၈၈) Ext, (228/229) နှင့် CROWN Education Training Centre အသစ် အမှတ်(၂၇၂)(၅)လွှာ အခန်းအမှတ်(၅၀၄) ပြည်လမ်း နေလှိုင်တာဝါ မြေနီကုန်းမြောက်ရပ်ကွက် စမ်းချောင်း (မြေနီကုန်း KBZ Bank အပေါ်ထပ်) ဖုန်း-၀၉-၄၉၂၉၃၃၃ နှင့် ၇၃၀-၄၀၆၈၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

## နှစ်ဟောင်းအကုန် ၂၀၁၁နှစ်သစ်ကူးပွဲတော် ကမ္ဘာ့နိုင်ငံများနွှဲပျော်

ဆစ်ဒနီ ဒီဇင်ဘာ ၃၁ - **ကမ္ဘာတစ်လွှားမှ နိုင်ငံများသည် ၂၀၁၀ ခုနှစ် ကုန်ဆုံး၍ ၂၀၁၁ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်ကူးပွဲတော်များကို ဒီဇင်ဘာ ၃၁ ရက်၌ ဂုဏ်ပြုဆင်နွှဲကြရန်အတွက် ပြင်ဆင်မှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။**



၂၀၁၁ ခုနှစ်ကို ခရုသင်းမှုတ်၍ ကြိုဆိုနေသော အိန္ဒိယဆာဒူးကြီးတစ်ဦး။

နှစ်သစ်ကာလစတင်ကျရောက်မည့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တော်၌ အနည်းဆုံးလူပေါင်း ၁ ဒသမ ၅ သန်းမျှတို့သည် ဆစ်ဒနီဆိပ်ကမ်းတစ်ဖက်တစ်ချက် ပန်းခြံများထဲတွင် စုရုံးလျက်ရှိကြပြီး နှစ်သစ်ကူးအကြို မီးရှူးမီးပန်းပစ်ဖောက်မှုများကို ကြည့်ရှုခံစားရန် စိတ်အားထက်သန်စွာ စောင့်မျှော်ခဲ့ကြသည်။

အာရှတိုက်၌ အချိန်ကာလအားဖြင့် ၂၀၁၁ ခုနှစ်သို့ တဖြည်းဖြည်းနီးကပ်လာသည့်နှင့်အမျှ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်သည် ၎င်း၏ပထမဆုံးကျင်းပမည့် နှစ်သစ်ကူးပွဲတော်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

နှစ်ဟောင်းမှ ဘဏ္ဍာရေးဆိုင်ရာ သောကဗျာပါဒများကို မေ့ပျောက်နိုင်ရန် ကုစားသည့်အနေဖြင့် ဥရောပတိုက်သည်လည်း နှစ်သစ်ကူးပွဲတော်ကို ပါဝင်ဆင်နွှဲရန် တာစူနေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့လယ်၌ နှစ်သစ်ကူး ညသန်းခေါင်ယံတွင် ကျင်းပမည့်ခေါင်းလောင်းထိုးပွဲသို့ လူပေါင်း ၁၀၀၀၀၀ ကျော်မျှတက်ရောက်မည်ဟု ခန့်မှန်းရသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ နှစ်ပေါင်း ၆၀၀ သက်တမ်းရှိပြီဖြစ်သော ဇိုဂျိုဂျီဗုဒ္ဓ ဘုရားကျောင်းတွင် ဒီဇင်ဘာ ၃၁ ရက်၌ ကျင်းပမည့်ပူဖောင်း လွှတ်ပွဲသို့ ထောင်ပေါင်းများစွာ တက်ရောက်ဆင်နွှဲမည်ဟု မျှော်လင့်ရသည်။

နှစ်သစ်ကူးအခါတွင် တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ တန်ချိန် ၄၆ တန်ရှိသော ရှေးဟောင်းခေါင်းလောင်းကြီးအား ထိုး၍ နှစ်သစ်ကို ကြိုဆိုလိုသူ တရုတ်နိုင်ငံသား ၅၀၀ ခန့်တို့က အဆင်သင့် စောင့်ဆိုင်းနေဖွယ်ရှိသည်။

ပေကျင်းမြို့တော်သည် အစဉ်အလာသစ်တစ်ရပ်ကို စတင်သည့်အနေဖြင့် ၂၀၁၁ ခုနှစ်သို့ မကူးပြောင်းမီ နှစ်မိနစ်အလိုတွင် တရုတ်ရာစုသစ် အဆောက်အအုံ၌ သံစုံတီးဝိုင်းတစ်ခုက တီးမှုတ်ဖျော်ဖြေသွားမည်ဖြစ်သည်။ **အေပီ။**



## လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် ဩစတြေးလျအရှေ့မြောက်ပိုင်းတွင် ရေဘေးသင့်

**ဆစ်ဒနီ ဒီဇင်ဘာ ၃၁**

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကွင်းစလန်ပြည်နယ်၌ ဒီဇင်ဘာ ၃၁ ရက်က ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ မြို့ပေါင်း ၂၂ မြို့ ရေဘေးဒဏ်ခံခဲ့ရပြီး လူ ၂၀၀၀၀ မျှ အိုးအိမ်များဆုံးရှုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဩစတြေးလျအာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ ကွင်းစလန်ပြည်နယ်၏ ထက်ဝက်ခန့် ဧရိယာစတုရန်းမိုင်ပေါင်း ၇၁၅၃၀၅ မိုင်ကို ရေဖုံးလွှမ်းခဲ့ပြီး ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သော ကျောက်မီးသွေးတွင်းများကိုလည်း ပိတ်ထားခဲ့ရကြောင်း သိရသည်။

ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာ နယ်မြေအဝန်းအဝိုင်းသည် ပြင်သစ်နှင့်ဂျာမနီ နှစ်နိုင်ငံပေါင်းအကျယ်အဝန်းထက် ပိုမိုကြောင်းသတင်းများတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် အဆက်အသွယ် ပြတ်တောက်နေသည့် ဒေသများသို့ ဩစတြေးလျစစ်ဘက်မှလေယာဉ်များဖြင့် စားနပ်ရိက္ခာများ ချပေးနေရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ယခုရေလွှမ်းမိုးမှုသည် နှစ်ပေါင်း ၅၀ ခန့်ကာလအတွင်း ဩစတြေးလျနိုင်ငံအတွက် အဆိုးရွားဆုံးရေဘေးဖြစ်ပြီး လာနီညာရာသီဥတုဖြစ်စဉ်ကို အရင်းခံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လာနီညာဖြစ်စဉ်ကြောင့် ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းရှိ ရေများအေးမြလာကာ ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း၌ ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်ခန့်ကစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

## အမျိုးသမီးများသာ ပါဝင်သော အသေခံဗုံးခွဲတပ်ဖွဲ့ တာလီဘန်များ ဖွဲ့စည်းနေဟုဆို

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၃၁ -** တာလီဘန်အုပ်စုသည် နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် အမျိုးသမီးအသေခံ ဗုံးခွဲတပ်ဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံတွင်းရှိ တာလီဘန်တို့၏ လက်မှလွတ်မြောက်ခဲ့သူ ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦး၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၃၀ ရက် သတင်းများတွင် ဖော်ပြသည်။

မီနာဂူးလ်အမည်ရှိ မိန်းမငယ်သည် တာလီဘန်စစ်သွေးကြွမိသားစုမှ ပေါက်ဖွားလာသူဖြစ်ပြီး ပါကစ္စတန်နိုင်ငံ ဘာဂျားလူမျိုးစုဒေသ၌ စစ်သွေးကြွစခန်းတစ်ခုကို ရှင်းလင်းစဉ်အတွင်း ၎င်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။

မိမိသည် အခြားသော အမျိုးသမီးအများအပြားနှင့်အတူ အသေခံဗုံးခွဲသမားတစ်ဦးအဖြစ် တာဝန်ထမ်းရန် လေ့ကျင့်မှုများ ရယူခဲ့ရကြောင်း မီနာဂူးလ်က ပါကစ္စတန်အိတ်စပရက် ထရီဗြွန်း သတင်းစာသို့ ပြောကြားသည်။

ပါကစ္စတန်စားနပ်ရိက္ခာဖြန့်ဝေရေးစခန်းတစ်ခု၌ အမျိုးသမီးတစ်ဦး၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒီဇင်ဘာ ၂၅ ရက်က လူ ၄၀ ကျော် သေဆုံးမှု **(ယာပုံ)** ဖြစ်ပွားချိန် မတိုင်မီအထိ ရဲတပ်ဖွဲ့ဝင်များသည် မီနာဂူးလ်၏ ဝန်ခံချက်များအပေါ် သံသယရှိခဲ့ကြောင်း ယင်းသတင်းစာ၌ ဖော်ပြထားသည်။ ရှေးရိုးစွဲ အစဉ်အလာများ ကျင့်သုံးသော ဒေသများတွင် အမျိုးသမီးများအပေါ်ထားရှိသည့် သဘောထားကြောင့် အမျိုးသမီးများက အသေခံဗုံးခွဲမှုများပြုလုပ်လာလျှင်



ကာကွယ်ရန် ခက်ခဲနိုင်ဖွယ်ရှိကြောင်း၊ အမျိုးသမီးတစ်ဦးလိုက်ပါလာသော ယာဉ်တစ်စီးကို လုံခြုံမှုအရ ရှာဖွေရေး ပြုလုပ်ခြင်းကိုပင် လျော်ကန်မှုမရှိသော လုပ်ရပ်အဖြစ် အစွဲကြီးသောဒေသများ၌ မှတ်ယူထားတတ် ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**



## ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ ရေဘေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ ရေဘေးအတွက် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများဖြစ်ကြသော ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းများက လှူဒါန်းသည့် မြန်မာငွေ ၆၅၁၃၀၀၁ ကျပ်ကို ဝန်ကြီးဌာနကိုယ်စား ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးဇော်ဇော်ဦးက ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး COLONEL MUHAMMAD TARIQ FARID KHAN ထံသို့ ယနေ့တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

## ၁၉၇၄-၇၈ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ရတနာလမ်း (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ၀၉-၅၀၁၃၄၆၉၊ ဦးလှမောင်ရွှေ ဖုန်း- ၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၀၉-၅၁၄၇၉၇၄၊ ဦးအောင်သူမြိုင် ဖုန်း-၀၉၈၀၂၀၂၉၉၊ ဦးလှဝင်း ဖုန်း- ၃၈၇၄၉၂၊ ၀၉-၅၁၆၁၄၈၀၊ ဒေါ်မူမူရှိန် ဖုန်း-၇၃၀၉၈၀၉၇၊ ၀၉၅၁၇၃၆၄၅၊ ဒေါ်နွေနွေအောင် ဖုန်း- ၀၉-၅၁၁၃၂၄၃၊ ၂၂၅၅၀၂၊ ဒေါ်တင်တင်ဝင်း ဖုန်း- ၂၅၆၉၈၉၊ ၃၈၃၈၀၂၊ ၃၈၃၈၀၃၊ ဒေါ်မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ ၀၉-၅၁၄၆၄၄၇၊ ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၀၅၉၂၊ ၀၉-၅၁၂၄၁၆၀ နှင့် ဒေါ်ခင်မလေး ဖုန်း- ၆၄၂၈၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဘုရင့်နောင်ဈေးကြီးတွင် သွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနလက်အောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် (၁၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဈေးသာယာရေးအဖွဲ့မှ ဦးဆောင်စည်းရုံး၍ ဇန်နဝါရီ ၈ ရက် (စနေနေ့)တွင် အဆိုပါဈေးကြီး၌ ကျင်းပမည်ဖြစ်ရာ သွေးနှင့် အလှူငွေလှူဒါန်းလိုသူများအနေဖြင့် သွေးလှူဒါန်းပွဲကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း- ၇၃၁၅၀၅၄၇၊ ဈေးသာယာရေးအဖွဲ့ရုံး ဖုန်း-၆၈၂၀၁၉တို့သို့ ဆက်သွယ်စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပျိုးဥယျာဉ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၃၁**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော စိမ်းမြရောပန်းခြံရှိ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ရာသီအလိုက် ပျိုးထောင်ထားရှိမှုကို ဒီဇင်ဘာ ၂၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

## ပြည်မြို့ အထက(၁) မဂ္ဂဇင်းထုတ်ဝေမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နှစ်ပေါင်း ၁၀၀ ကျော်ကြာ ပြည်မြို့ အထက(၁) မဂ္ဂဇင်းကို ၂၀၁၁ အာစရိယပူဇော်ပွဲ (တန်ဆောင်မုန်းလပြည့်နေ့)အမီ ထုတ်ဝေမည်ဖြစ်ရာ စာမူများ ပေးပို့လိုပါက ကျောင်းအုပ်ဆရာမကြီး အထက(၁) ပြည်မြို့ ဖုန်း-၀၅၃-၂၄၁၁၇၊ ၀၅၃-၂၅၈၀၁၊ ဦးခင် အောင် လက်ထောက်ပညာရေးမှူး(ငြိမ်း) (ပြည်) ဖုန်း-၀၅၃-၂၅၅၉၇၊ ၀၉-၅၃၁၀၅၄၉ နှင့် အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) တိုက်(စီ) အခန်း(၁၄) ရွှေဂုံတိုင်ဘဏ်ရိပ်သာ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၁၃၅၊ ၀၉-၄၉၂၅၉၁၀၁ တို့သို့ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)



**ထန်းတပင်မြို့နယ် အလက(ရိုးခွ) ကျောင်းကောင်စီဥက္ကဋ္ဌဖလား အသင်းလိုက် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ဗိုလ်စွဲသွားသော ဘုရင့်နောင်အသင်းအား ကျောင်းကောင်စီဥက္ကဋ္ဌ ဦးလွင်ပင် ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

## ကျေးလက် ကျောက်ချောလမ်းဆောင်ရွက်

**ရွှေကူ ဒီဇင်ဘာ ၃၁**

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေကူ-သိန်းဟွန်း ကျေးလက်ကျောက်ချောလမ်း ပေ ၃၆၅၀ ကျောက်များ စုဆောင်းရရှိမှုနှင့် လမ်းဘေးမြေသားညှိခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ ကွင်းဆင်းဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးပန်ထွန်းမိုး ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)



**မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရာဇာမိရာဇ်လမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်က အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့အား ရှင်းလင်း တင်ပြစဉ်။** (မြို့နယ်စည်ပင်)

**အလိမ္မာ စာမှာရှိ**

## News Watch (စောင့်ကြည့်) သတင်းဂျာနယ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၁**

၂၀၁၀ ခုနှစ်၏ မြန်မာ့ထူးခြားထင်ရှားဖြစ်စဉ်များ၊ ၂၀၁၀ ၏ ကမ္ဘာ့ထူးခြားထင်ရှားဖြစ်စဉ်များ၊ ၂၀၀၀-၂၀၁၀ အအောင်မြင် အကျော်ကြားဆုံး ကမ္ဘာ့အနုပညာရှင်များစသည့် နှစ်ချုပ်ဖြစ်စဉ်များ၊ အင်တာနက်အသုံးပြုနိုင်သောဖုန်း ဇန်နဝါရီ ၈ ရက်တွင် စတင်ရောင်းချမည်၊ ဧရာဝတီတိုင်းဒေသကြီး၌ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ပေါ်ထွက်လာဖွယ်ရှိ၊ မြန်မာနိုင်ငံထွက် ပြောင်းများ ဝယ်ယူရန် ကိုရီးယားကမ်းလှမ်း၊ ဆီးပန်းသီးနှင့် သခွားမွှေးများ စင်ကာပူသို့ စမ်းသပ်တင်ပို့၊ တရားမဝင် ဝင်ရောက်လာသော ကွမ်းပေါင်းထုပ် (Shikhar) စားမိ၍ လူငယ်နှစ်ဦးသေဆုံး၊ နန်းမြို့အနောက် စည်ရှင်တံတားဟောင်းဖျက်ပြီး ကျုံးရှုခင်း သာယာလှပရေးဆောင်ရွက်၊ EU သို့ မြန်မာ့ရေထွက်ကုန် တရားဝင်တင်ပို့ခွင့် စက်ရုံငါးရုံ ထပ်မံရရှိ၊ ဇန်နဝါရီလအတွင်း ပုဂ္ဂလိကဘဏ်ခွဲ သုံးခုဖွင့်လှစ်မည်၊ ကန်ဒေါ်လာ ၄၂ သန်း တန်ဖိုးရှိသော သောင်တူးရေယာဉ်နှင့် အထောက်အကူပြုယာဉ်များ ဝယ်ယူ၊ မြန်မာကျပ်ငွေဖြင့် အင်တာနက်မှ ဖုန်းခေါ်ဆိုမှုကျဆင်း၊ မန္တလေးမြို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဘီးလိမ့်ခွန်များ ပေးသွင်းရန်ကြော်ငြာ၊ အီရန်ချူကလီးယားဗုံးရရှိရန် အချိန်သုံးနှစ် လိုသေးကြောင်း အစ္စရေးပြောကြား၊ သမ္မတအိုဘားမားဆီးနိတ်လွှတ်တော်ကို ကျော်လွန်၍ သံအမတ်ကြီးများခန့်အပ်၊ ပြည်တွင်းစစ်ဖြစ်ဖို့ ဦးတည်နေသည့် အိုင်ဗရီကို့စ်၊ ဆူဒန်သမ္မတ ဘရှားက သဘောတူညီချက်တစ်ရပ် မရလျှင် ဒါဖာငြိမ်းချမ်းရေးဆွေးနွေးပွဲ ရပ်ဆိုင်းမည်ဟု ပြောကြား၊ ရာထူးမှထွက်ခွာတော့မည့် သမ္မတလူလာ ဘရာဇီးပြည်သူလူထုအား နှုတ်ခွန်းဆက်စကားပြောကြားနှင့် ပြည်တွင်းပြည်ပ သတင်း၊ ဆောင်းပါးများဖြင့် News Watch (စောင့်ကြည့်) ဂျာနယ် ထွက်နေပြီဖြစ်သည်။ (သတင်းစဉ်)



**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၅)လမ်းနေ ပါမောက္ခ ဒေါက်တာ ဒေါ်မေဝင်းအောင်ခင် ပါမောက္ခချုပ်(ငြိမ်း) သူနာပြုတက္ကသိုလ်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်နှင့် သောက်သုံးရေလှောင်ကန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရုံးမြောက်ဘက်လမ်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမောင်မောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရန်ကုန်-ပြည်လမ်းဘေး မြေယာရှုခင်းအလှဆင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြ/ကျေးလက်လမ်းများအတွက် လိုအပ်သောကျောက်များ တူးဖော်စုဆောင်းဆောင်ရွက်နေမှုကို မွန်ပြည်နယ် စည်ပင်ညွှန်မှူး ဦးအေးဆွေအဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဒီဇင်ဘာ ၉ ရက်က မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင်ရုံးအဆောက်အအုံဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဏ္ဏဝါလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**

☆ RFA, DVB - **သွေးထိုးနေသည်။**

☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။**

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃၁

**တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။**




**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းတပ်ခွဲများကို စစ်ဆေးစဉ်။** (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ဗိုလ်ချုပ်စိုးဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သောင်းအေး၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်ရာပြည့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှငွေးဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကျော်မြင့်နှင့် ဒေါက်တာချမ်းငြိမ်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်သိုးထိန်း၊ညွှန်ကြားရေးမှူးများ

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

**(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို စာမျက်နှာ ၆၊ ၇၊ ၈၊ ၉ တွင် ဖတ်ရှုနိုင်ပါသည်။**